ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၂၊ အမှတ် ၃ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

## (၃၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး (35th Meeting of ASEAN Directors-General of Customs)သို့ တက်ရောက်ခြင်း။




(၃၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး (35th Meeting of ASEAN Directors-General of Customs) အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ် (၃) ဦး မှတက်ရောက်စဉ်။

(၃၅) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေး(35th Meeting of ASEAN Directors-General of Customs)ကို ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့တွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက် မှ ၄ ရက် အထိ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ် (၃) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အာဆီယံဒေသအတွင်း အကောက်ခွန်ဆိုင်ရာရည်မှန်းချက်နှင့် ကတိကဝတ်များအား အကောင်အထည်ဖော်ရန်အတွက် အာဆီယံ အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (Customs Cooperation Committee - CCC) မှတဆင့် တင်ပြလာသည့် အစည်းအဝေးအစီရင်ခံစာများ၊ လေ့လာသုံးသပ်ချက်အစီရင်ခံစာများ ၂၀၂၅-၂၀၂၆ ခုနှစ် တစ်နှစ်တာကာလအတွင်းဆောင်ရွက်ချက်များ၊ တင်ပြချက်များအား ထပ်ဆင့်ဆွေးနွေးအတည်ပြုခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ အာဆီယံအဆင့်မြင့်အစည်းအဝေးများ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၆-၂၀၂၇ ခုနှစ် တစ်နှစ်တာကာလအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအား အတည်ပြုရန်၊ လုပ်ငန်းအဖွဲ့များ၏ သဘာပတိ၊ အိမ်ရှင် စသည်တို့ကို သတ်မှတ်သွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါသည်။




**(၃၅) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး (35th Meeting of ASEAN Directors-General of Customs) အာဆီယံအဖွဲ့ဝင် (၁၁) နိုင်ငံမှ ကိုယ်စားလှယ်အတူမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။**

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် (၁၁) နိုင်ငံမှ စုစုပေါင်းကိုယ်စားလှယ် (၅၂) ဦး၊ ဆွေးနွေးဖက် အကောက်ခွန်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ စုစုပေါင်းကိုယ်စားလှယ် (၅၄) ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် လွှဲပြောင်းပေးအပ်ရမည့် သဘာပတိဖြစ်သူ ဘရူနိုင်းအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်နှင့် လွှဲပြောင်းလက်ခံရမည့် သဘာပတိဖြစ်သူ အိမ်ရှင် ကမ္ဘောဒီးယားအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားခြင်း၊ အစည်းအဝေး အစီအစဉ်အား အတည်ပြုခြင်း၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးများမှ ကောက်နုတ်ချက်များအား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက ဆွေးနွေးတင်ပြခြင်း၊ အာဆီယံအကောက်ခွန်ညှိနှိုင်းရေးကော်မတီ (ASEAN Customs Coordinating Committee – CCC)၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Procedure and Trade Facilitation Working Group-CPTFWG)၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့် လေးစားလိုက်နာရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Enforcement and Compliance Working Group–CECWG)၊ အကောက်ခွန်စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Customs Capacity Building Working Group–CCBWG) များ၏ ကိုယ်စား CCC Chair က တင်သွင်းသည့် တိုးတက်မှုအစီရင်ခံစာအား ဆွေးနွေးခြင်း၊ လမ်းညွှန်ချက် ချမှတ်ခြင်းနှင့်အတည်ပြုခြင်း၊ အာဆီယံပြတင်းတစ်ပေါက်စနစ်ဆိုင်ရာဦးဆောင်ကော်မတီ (ASEAN Single Window Steering Committee - ASWSC) နှင့် ယင်း၏ လုပ်ငန်းအဖွဲ့များက တင်ပြသည့် တိုးတက်မှုအစီရင်ခံစာအား ဆွေးနွေးအတည်ပြုခဲ့ပါသည်။




(၃၅) ကြိမ်မြောက်ကျင်းပပြုလုပ်မည့် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး (35th Meeting of ASEAN Directors-General of Customs တွင် အာဆီယံအကောက်ခွန်ဆိုင်ရာအစည်းအဝေးများ၏ အချိန်ဇယားကို ညှိနှိုင်းဆွေးနွေးစဉ်။

ဆက်လက်၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၇ ခုနှစ်၊ ဇွန်လအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံ အကောက်ခွန်ဆိုင်ရာအစည်းအဝေးများ၏ အချိန်ဇယားကို ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံ၏ ဆွေးနွေးဖက်များ၊ မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဆွေးနွေးရန်အတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်း ခြင်း၊ အာဆီယံ၏ဆွေးနွေးဖက်များဖြစ်ကြသည့် ဩစတြေးလျနယ်စပ်တပ်ဖွဲ့ (ABF)၊ တရုတ်အကောက်ခွန်၊ ဂျပန်အကောက်ခွန်၊ ကိုရီးယားအကောက်ခွန်၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) တို့နှင့် ညှိနှိုင်းဆွေးနွေး ခြင်း၊ မိတ်ဖက်ပုဂ္ဂလိကအဖွဲ့အစည်း (Private Sector) များဖြစ်ကြသည့် EU-ABC ၊ US-ABC ၊ ASEAN BAC တို့နှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၂၀၂၆-၂၀၃၀) အား ဆွေးနွေးခြင်း၊ (၃၆) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး ကျင်းပမည့် ရက်စွဲနှင့်နေရာအား အတည်ပြုသတ်မှတ်ခြင်း၊ (၃၅)ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး၏အစီရင်ခံစာအား ညှိနှိုင်းဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ (၃၅) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးမှ ထုတ်ပြန်မည့် ပူးတွဲကြေညာချက်အား ညှိနှိုင်းဆွေးနွေးပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

ထို့ပြင် အစည်းအဝေးကာလအတွင်း အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကိုယ်စား လှယ်အဖွဲ့နှင့်လည်းကောင်း၊ လာအိုအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့်လည်းကောင်း သီးခြားအစည်းအဝေးများ ကျင်းပ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

# ယာယီအပြည်ပြည်ဆိုင်ရာ/ယာယီပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်းနေရာများအား အမြဲတမ်းအပြည်ပြည်ဆိုင်ရာ/အမြဲတမ်းပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်းနေရာများ အဖြစ် သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအားကျင်းပ။




**အကောက်ခွန်ဦးစီးဌာန၊ ယာယီအပြည်ပြည်ဆိုင်ရာ/ယာယီပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်းနေရာများအား အမြဲတမ်းအပြည်ပြည်ဆိုင်ရာ/အမြဲတမ်းပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်းနေရာများအဖြစ် သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။**

၁၉-၆-၂၀၂၆ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန် (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယအင်ဂျင်နီယာချုပ်(မြို့ပြ)၊ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ ကုမ္ပဏီများမှတာဝန်ရှိသူများအပါအဝင် (၃၁) ဦး ဖြင့် ယာယီအပြည်ပြည်ဆိုင်ရာ/ ယာယီပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်းနေရာများအား အမြဲတမ်းအပြည်ပြည်ဆိုင်ရာ/ အမြဲတမ်းပြည်တွင်းကုန်တင်ကုန်ချဆိပ်ကမ်းနေရာများအဖြစ် သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ကျင်းပခဲ့ပြီး အစည်းအဝေးအား (၁၂:၀၀) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)မှ ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်အရာထမ်း/ အမှုထမ်းများအား ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများမှ ဦးဆောင်၍ တွေ့ဆုံပွဲ အခမ်းအနားကျင်းပ။





**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)မှ ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/အမှုထမ်းများအား ညွှန်ကြားရေးမှူးချုပ်မှတွေ့ဆုံ၍ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်မှ တွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများအပြင် တည်ဆဲဥပဒေများနှင့်အညီ ပြုမူနေထိုင်သွားကြရန် အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)မှ ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်အရာထမ်း/အမှုထမ်းများအား ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများမှ ဦးဆောင်၍ တွေ့ဆုံပွဲအခမ်းအနားကို အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)ဇေယျာသီဟာခန်းမတွင် ၁၁-၆-၂၀၂၆ ရက်နေ့၊ နံနက် (၀၈:၀၀) နာရီ ၌ အရာထမ်း/အမှုထမ်းအင်အား (၁၇၉) ဦးဖြင့်လည်းကောင်း၊ ၁၅-၆-၂၀၂၆ ရက်နေ့၊ နေ့လည် (၁၃:၀၀) နာရီ၌ အရာထမ်း/ အမှုထမ်းအင်အား (၁၉၀) ဦးဖြင့်လည်းကောင်း၊ ၂၃-၆-၂၀၂၆ ရက်နေ့၊ နံနက်(၀၈:၀၀) နာရီ၌ အရာထမ်း/ အမှုထမ်းအင်အား (၁၁၄) ဦး ဖြင့်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး(စီမံ)၊ ညွှန်ကြားရေးမှူး(စစရ)၊ ညွှန်ကြားရေးမှူး(ကာ) နှင့် ညွှန်ကြားရေးမှူး(နယ်)တို့မှ နိုင်ငံတော်အစိုးရမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက် (၁၀၀) စီမံကိန်းနှင့်မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနများမှလည်း ကဏ္ဍအသီးသီး အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိမိတို့အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းကလည်း







**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)မှ ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အရာထမ်း/အမှုထမ်းများအား ညွှန်ကြားရေးမှူးများမှ အခမ်းအနားတွင် သက်ဆိုင်ရာညွှန်ကြားရေးမှူးများမှ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ကြရန် လမ်းညွှန်မှာကြားစဉ်**

တာဝန်ထမ်းဆောင်ရာ နေရာအသီးသီးတွင် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အကောက်ခွန်ဦးစီးဌာန၏မူဝါဒ၊ မူဝါဒနှင့်ရည်မှန်းချက်တာဝန် (၆) ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာနယ်မြေများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် “စစ်တိုက်ရာ၌ လက်ချည်းသက်သက်ဖြင့်သွား၍မရဘဲ ကိုယ်ပိုင်လက်နက်များ ပါဝင်ရမည်ဖြစ်သကဲ့သို့” မိမိလုပ်ငန်းနှင့်သက်ဆိုင်သည့် လက်နက်သဖွယ် အသုံးချရမည့်ဘာသာရပ်ဆိုင်ရာများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များအား နားလည်တတ်ကျွမ်းရန်နှင့် မိမိနှင့်တစ်ပါတည်းယူဆောင်သွားရန်၊ တရားမဝင်တင်သွင်း/တင်ပို့မှုမရှိစေရန် စုံစမ်းဖော်ထုတ်တားဆီး ကာကွယ်ရန်သည်ဝန်ထမ်းတိုင်းတွင် တာဝန်ရှိ၍ မပျက်မကွက်လုပ်ဆောင်ရန်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းပြီးသည့်နောက်ပိုင်း တရားမဝင်တင်သွင်း/တင်ပို့မှုများနှင့်ပတ်သက်၍ ငြိစွန်းနေသည့်အမှုများကို စိစစ်ဖော်ထုတ်တွေ့ရှိပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်၊ အခွန်လျှာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံဆောင်ရွက်ရန်၊ အကောက်ခွန်ဦးစီးဌာနအဖွဲ့ခေါင်းဆောင်ဖြစ်သော်လည်း ဌာနတစ်ခုတည်းမဆုံးဖြတ်ဘဲ စုပေါင်းဆုံးဖြတ်၍ ပူးပေါင်းဆောင်ရွက်ရန်၊ ကုန်ပစ္စည်းများစစ်ဆေးရာ၌ ပေါ့ပေါ့ဆဆ စစ်ဆေးခြင်းမပြုဘဲ စနစ်တကျ အသေးစိတ်စစ်ဆေးသွားရန်၊ သက်ဆိုင်ရာမြို့နယ်မှူးများမှလည်း ဒေသန္တရအမိန့်များအား ပြင်ဆင်သင့်သည့် စနစ်တကျဖတ်ရှုပြီး




**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်(ရုံးချုပ်)မှ ပြည်နယ်/တိုင်းဒေသကြီးရုံးများ၊ မြို့နယ်ရုံးများ၊ အထူးစီးပွားရေးဇုန်များ၊ OSS စခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်အရာထမ်း/ အမှုထမ်းများအား ညွှန်ကြားရေးမှူးများမှ အခမ်းအနားတွင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ကြရန် လမ်းညွှန်မှာကြားစဉ်။**

ပြင်ဆင်သင့်သည့်ချက်များရှိပါက ပြန်လည်ပြင်ဆင်၍ ထုတ်ပြန်ရန်နှင့် ဒေသန္တရအမိန့်များကို တိကျစွာ လိုက်နာရန်၊ လူမှုရေးအရှုပ်အရှင်းကိစ္စများ ဖြစ်ပေါ်ခဲ့ပါက သတိပေးအဆင့်မဟုတ်ဘဲ ပြန်လည်ခေါ်ယူ၍ ဘုတ်အဖွဲ့ဖြင့်စစ်ဆေး၍ အရေးယူဆောင်ရွက်မှုများအား ဆောင်ရွက်သွားရန်၊ မိမိတို့ဌာနသည် အမိန့်နာခံမှုကောင်းအောင် ယူနီဖောင်းဝတ်အဖွဲ့အစည်းအဖြစ် ရပ်တည်နေတာကြောင့် ဝန်ထမ်းအချင်းချင်း အထက်အောက် အပြန်အလှန်လေးစားမှုအကောင်းဆုံးဖြင့် ဆောင်ရွက်သွားကြရန်နှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ငါ့ကြောင့် ငါ့ဌာန သိက္ခာတက်စေရမည်၊ ငါ့ကြောင့် ငါ့ဌာန သိက္ခာ မကျစေရဘူးဆိုတဲ့ စိတ်ဓါတ်ဖြင့် လုပ်ငန်းတာဝန်များကို စေတနာထားပြီး ဆောင်ရွက်ကြရန် လူပုဂ္ဂိုလ်လုံခြုံရေး၊ အဆောက်အဦလုံခြုံရေး၊ စာရွက်စာတမ်းလုံခြုံရေးများကိုဂရုပြုရန်၊ KTV ၊ Night Club ၊ Hi ခန်းများ မသွားရန်နှင့် မူးယစ်ဆေးဝါးများ သုံးစွဲခြင်းမပြုရန်နှင့် ဖောက်ဖျက်ပါက ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများအပြင် တည်ဆဲဥပဒေများနှင့်ပါ အရေးယူခံရမည်ဖြစ်သည့်အတွက် ဘောင်အတွင်းက လိုက်နာနေထိုင်ကြရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနၶ ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာနအဆင့်မြန်မာ့ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ကိုယ်စားပြု ရိုးရာခြင်းလုံး(အမျိုးသား)အသင်းအား အောင်နိုင်ရေးအတွက်တွေ့ဆုံပွဲ အခမ်းအနားကျင်းပ။







**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကိုယ်စားပြု ဝန်ကြီးဌာနအဆင့် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော ရိုးရာခြင်းလုံး(အမျိုးသား)အသင်းအောင်နိုင်ရေးအတွက် တွေ့ဆုံပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်၊ ဦးသိန်းဆွေက အသင်းအနေဖြင့် ပထမဆုတံဆိပ်ရရှိ အောင်ရည်မှန်းချက်ထားပြီး ယှဉ်ပြိုင်သွားရန်နှင့် ဝန်ကြီးဌာန၏ဂုဏ်ကိုဆောင်နိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေသည် ၂၅-၆-၂၀၂၆ ရက်နေ့ (၁၅:၃၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဇေယျာသီဟအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ကိုယ်စားပြုရိုးရာခြင်းလုံး အားကစားသမားများအား ပြိုင်ပွဲအောင်နိုင်ရေး သြဝါဒအမှာစကားပြောကြားခြင်းနှင့် လက်ဖက်ရည် သောက်စကားဝိုင်း အခမ်းအနားကိုတက်ရောက်၍ သြဝါဒအမှာစကား ပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရိုးရာခြင်းလုံး အားကစားသမားဟောင်းများ၊ ပြိုင်ပွဲဝင်ရိုးရာခြင်းလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် ရိုးရာခြင်းလုံး အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဌာနကူးပြောင်းဝန်ထမ်းများ၊ ပြင်ပမှခေါ်ယူခဲ့သည့် အကောက်ခွန်မှူးနှင့် အလုပ်သင် ဒု-အကောက်ခွန်မှူးများအား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ လမ်းညွှန်ချက်များပို့ချမှု အစီအစဉ်ကျင်းပ




**အကောက်ခွန်ဦးစီးဌာန၊ ဌာနကူးပြောင်းဝန်ထမ်းများ၊ ပြင်ပမှခေါ်ယူခဲ့သည့် အကောက်ခွန်မှူးနှင့် အလုပ်သင် ဒု-အကောက်ခွန်မှူးများအား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ လမ်းညွှန်ချက်များပို့ချနေစဉ်။**

၂၆-၆-၂၀၂၆ ရက်နေ့၊ ညနေ (၁၄:၃၀ မှ ၁၈:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ဌာနကူးပြောင်းဝန်ထမ်းများ၊ ပြင်ပမှခေါ်ယူခဲ့သည့် အကောက်ခွန်မှူးနှင့် အလုပ်သင် ဒု-အကောက်ခွန်မှူးလုပ်ငန်းခွင်သင်တန်း၌ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ သင်ခန်းစာများ ပို့ချဆွေးနွေးခဲ့ပြီး ဝန်ထမ်းများသိသင့်သိထိုက်သည်များကို လမ်းညွှန်မှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမိုးကျော်အေး၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့်ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများလည်း တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ဌာနကူးပြောင်းဝန်ထမ်းများ၊ ပြင်ပမှခေါ်ယူခဲ့သည့် အကောက်ခွန်မှူးနှင့် အလုပ်သင် ဒု-အကောက်ခွန်မှူးလုပ်ငန်းခွင်သင်တန်းအား ၄-၅-၂၀၂၆ မှ ၂-၇-၂၀၂၆ ရက်နေ့အထိ ရက်သတ္တပတ် (၃) ပတ်ကြာနေ့စဉ် (၀၉:၀၀) နာရီမှ (၁၆:၂၀) နာရီအထိ ဌာနကူးပြောင်းဝန်ထမ်း (၇) ဦး၊ အကောက်ခွန်မှူး (၁၀) ဦးနှင့် အလုပ်သင် ဒု-အကောက်ခွန်မှူး (၅၀) ဦး စုစုပေါင်း (၆၇) ဦး တို့ဖြင့် သင်ကြားပို့ချခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏မူဝါဒ၊ မျှော်မှန်းချက်(Vision)၊ ခံယူထားသည့်တာဝန်(Mission)၊ ရည်မှန်းချက်၊ သတ်မှတ်တာဝန်များ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်မှုများကို ဆွေးနွေးပို့ချခဲ့ပြီး ဆန်းစစ်စာမေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊အကောက်ခွန်ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၄၂) သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ခြင်းအခမ်းအနားကျင်းပ။




**အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၄၂) သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ခြင်းအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး ) ဦးမိုးကျော်အေးမှ အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၄၂) သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို ၂၀-၆-၂၀၂၆ ရက်နေ့ နံနက် (၀၉:၃၀) နာရီအချိန်တွင် မဟာဗန္ဓုလလမ်းနှင့် ၄၉ လမ်းထောင့်၊ အကောက်ခွန်ဦးစီးဌာန၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ သင်တန်းခန်းမ ၁ ၌ အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar Customs Brokers Associations – MCBA) ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar International Freight Forwarders Associations – MIFFA) နှင့် ညွှန်ကြားရေးမှူး (၅) ဦး တို့မှ ဦးဆောင်၍ သင်တန်းသား၊ သင်တန်းသူ (၁၀၆) ဦးအား သင်တန်းဆင်းအောင်လက်မှတ်များပေး အပ်ခဲ့ပြီး အခမ်းအနားအား (၁၁:၀၀) နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ရုံးစာကိုင်တွယ်ထိန်းသိမ်းခြင်းဆိုင်ရာအမှုထမ်းသင်တန်း အမှတ်စဉ် (၁) အကောက်ခွန်ဦးစီးဌာနသင်တန်းခန်းမတွင်ကျင်းပ။




**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ရုံးစာကိုင်တွယ်ထိန်းသိမ်းခြင်း ဆိုင်ရာအမှုထမ်းသင်တန်းအမှတ်စဉ် (၁) အကောက်ခွန်ဦးစီးဌာနသင်တန်းခန်းမတွင် ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူမှ အမှာစကားပြောကြားစဉ်။**

ဝန်ထမ်းစည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ရုံးစာကိုင်တွယ်ထိန်းသိမ်းခြင်းဆိုင်ရာအမှုထမ်း သင်တန်းအမှတ်စဉ် (၁)၊ ရန်ကုန်ဖွင့်ပွဲအခမ်းအနားကို ၁၅-၆-၂၀၂၆ ရက်နေ့၊ နံနက် (၀၉း၀၀) မှ (၀၉း၃၀) နာရီအချိန်ထိတွင် မဟာဗန္ဓုလလမ်းနှင့် ၄၉ လမ်းထောင့်၊ အကောက်ခွန်ဦးစီးဌာန၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ သင်တန်းခမ်းမ - ၁ ၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲ (၁၂) ခုမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများမှ ဦးဆောင်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ အမှုထမ်းအဆင့်သင်တန်းသား၊ သင်တန်းသူ (၁၀၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ပြည်သူ့ဘဏ္ဍာသိမ်း ၊ စားသုံးရန်မသင့်သော အထွေထွေပစ္စည်းများကို ဖျက်ဆီးရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် ယန္တရားဖြင့် ကြိတ်ချေဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်းအခမ်းအနားကျင်းပ။



**အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာသိမ်းအမှုတွဲ သက်တမ်းကျော်လွန်ပြီး အများပြည်သူ သုံးစွဲရန်နှင့် စားသုံးရန်မသင့်သော အစားအသောက်များ၊ ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများဖျက်ဆီးရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် ယန္တရားဖြင့် ကြိတ်ချေဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်းတို့အား ညွှန်ကြားရေးမှူး (ထောက်/ပို့) မှ ဦးဆောင်၍ကျင်းပစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာသိမ်းအမှုတွဲ (၁၀၂)မှု၊ စုစုပေါင်းတန်ဖိုး (၁,၈၆၁,၅၃၂,၉၇၂/-)ကျပ် ပါ DRC နှင့် FDA ထောက်ခံချက်မရှိသော၊ သက်တမ်းကျော်လွန်ပြီး အများပြည်သူသုံးစွဲရန်နှင့် စားသုံးရန်မသင့်သော အစားအသောက်များ၊ ဆေးဝါးများ၊ အလှကုန်များနှင့် အထွေထွေပစ္စည်းများကို ၁၆-၆-၂၀၂၆ ရက်နေ့ နံနက် (၀၉:၀၀)နာရီ အချိန်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၊ လှိုင်သာယာမြို့နယ်၌ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ (၉-၆-၂၀၂၆) ရက်စွဲပါ ရုံးတွင်းအမိန့်စာ (၄၂၁/၂၀၂၆) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ညွှန်ကြားရေးမှူး(ထောက်/ပို့)ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် ဖျက်ဆီးရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် ယန္တရားဖြင့် ကြိတ်ချေဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း ဆောင်ရွက်ခဲ့ရာ ယင်းနေ့ နေ့လယ်(၁၁:၀၀) အချိန်တွင် ဖျက်ဆီးခြင်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့်ပစ္စည်းများအား လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားကျင်းပ။




အကောက်ခွန်ဦးစီးဌာန၊ ဖမ်းဆီးရမိစက်ဘီးများနှင့် အထွေထွေကုန်ပစ္စည်းများအား အများပြည်သူသို့လေလံတင်ထုခွဲရောင်းချခြင်း အခမ်းအနားတွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးဦးဝင်းဆွေမှ အဖွင့်အမှာစကားပြောကြားခြင်း။

၂၄-၆-၂၀၂၆ ရက်နေ့ နံနက် (၁၀:၀၀) အချိန်တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၌ အကောက်ခွန်ဦးစီးဌာနက ဖမ်းဆီးရမိပြီးပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လေလံအဆင့်ရောက် အမှုတွဲ(၉၇)မှုပါ လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား Lot - (၄)ခု ခွဲ၍ အများပြည်သူသို့ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အကောက်ခွန်ဦးစီးဌာန၊ စီမံခန့်ခွဲမှုနှင့်လူ့သားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၏ ၉-၆-၂၀၂၆ ရက်စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၄၂၀/ ၂၀၂၆) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော ညွှန်ကြားရေးမှူး(ထောက်/ပို့)ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ လေလံပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူသူ (၂၈) ဦး တက်ရောက်ခဲ့ပြီး ယင်းနေ့ နံနက် (၁၀:၀၀) အချိန်တွင် လေလံတင်ရောင်းချရေးအဖွဲ့ ဥက္ကဋ္ဌမှ အမှာစကားပြောကြားခြင်း၊ အတွင်းရေးမှူးမှ လေလံစည်းကမ်းချက်များကို ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်၍ လေလံတင်ရောင်းချခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ လေလံပွဲ၌ လေလံတင်ရောင်းချခဲ့သည့် ပစ္စည်းအတွဲ Lotတွဲ (၄) ခုတွင် Lot (4)တစ်ခုသာ ကြမ်းခင်းဈေး ပြည့်မီကျော်လွန်၍ လေလံအောင်မြင်ခဲ့ပြီး စုစုပေါင်း လေလံတင်ရောင်းချရငွေကျပ် (၁,၅၀၂,၀၀၀,၀၀၀) ရရှိခဲ့ပါသည်။ လေလံတင်ရောင်းချခြင်း အခမ်းအနားသည် ယင်းနေ့ နေ့လယ် (၁၁း၃၀) နာရီ အချိန်တွင် ပြီးဆုံးခဲ့ပါသည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချန်ကျိုးမြို့တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများအတွက် ခေတ်မီအကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ဆွေးနွေးပွဲ (SEMINAR ON SMART CUSTOMS COOPERATION FOR ASEAN COUNTRIES) သို့ တက်ရောက်ခဲ့ခြင်း။




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချန်ကျိုးမြို့တွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံများအတွက် ခေတ်မီအကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲ (Seminar on Smart Customs Cooperation for ASEAN Countries) သို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် တက်ရောက်ပြီး အတူမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးစဉ်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချန်ကျိုးမြို့တွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်မှ ၁၆ ရက်ထိ ကျင်းပခဲ့သော အာဆီယံနိုင်ငံများအတွက် ခေတ်မီအကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲ (Seminar on Smart Customs Cooperation for ASEAN Countries)သို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းချိုချိုသက်၊ ဦးစီးအရာရှိ ဦးမျိုးမင်းသန့်၊ ဦးစီးအရာရှိ ဦးကောင်းဆက်ဝေ၊ အကောက်ခွန်မှူး ဒေါ်ပိုးအိဖြူနှင့် ဒုတိယအကောက်ခွန်မှူး ဒေါ်ဖြူဇင်သန့် တို့ တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ်(၆) ဦး၊ လာအိုနိုင်ငံမှ ကိုယ်စားလှယ် (၁၀) ဦး၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ် (၅) ဦး၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် (၁၀) ဦး၊ စုစုပေါင်း ကိုယ်စားလှယ် (၃၁) ဦး တက်ရောက်ခဲ့ကြပါသည်။

**အကောက်ခွန်ဦးစီးဌာန၊ အကောက်ခွန်ဆိုင်ရာ ပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများနှင့် ဌာနခွဲအသီးသီးရှိဝန်ထမ်းများက ဘာသာရပ်ဆိုင်ရာလုပ်ငန်းခွင် အတွေ့အကြုံများ အသိပညာဖြန့်ဝေ၊ မျှဝေမှု အစီအစဉ် (Knowledge Sharing Program-KSP) ကျင်းပ။**



**အကောက်ခွန်ဦးစီးဌာန၊အကောက်ခွန်ဆိုင်ရာပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများမှ အတွေ့အကြုံများ အသိပညာဖြန့်ဝေ၊ မျှဝေမှုအစီအစဉ် (Knowledge Sharing Program-KSP) တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဖေယျာဝင်းနှင့် ဒေါ်ဆုဝေနှင်းကဆွေးနွေးပြောကြားစဉ်။**

အကောက်ခွန်ဆိုင်ရာပြည်ပသင်တန်း၊ ဆွေးနွေးပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသူများနှင့် ဌာနခွဲအသီးသီးရှိဝန်ထမ်းများက ဘာသာရပ်ဆိုင်ရာလုပ်ငန်းခွင် အတွေ့အကြုံများ အသိပညာဖြန့်ဝေ၊ မျှဝေမှု အစီအစဉ် (Knowledge Sharing Program-KSP) အား ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ ဖေယျာသီဟခန်းမ၌ ကျင်းပခဲ့ပြီး ဌာနခွဲအသီးသီးမှ အရာထမ်း/အမှုထမ်းများ (၇၅) ဦး တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အသိပညာဖြန့်ဝေ၊ မျှဝေမှုအစီအစဉ်တွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဖေယျာဝင်းက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ခွင့်နှင့် ပင်စင်ခံစားခွင့်ဆိုင်ရာ အသိပညာဖြန့်ဝေမျှဝေမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုဝေနှင်းက အာရှ-ပစိဖိတ်ဒေသရှိ အကောက်ခွန်အရာရှိများအတွက် ခရီးသည်စိစစ်အကဲဖြတ်ခြင်းဆိုင်ရာ သင်တန်းခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ဇွန်လ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်းတားဆီး /ဖမ်းဆီးမှု ( ၃၈၆ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂ ) သန်း ဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁-၆-၂၀၂၆ ရက်နေ့ (၂၂:၃၅) နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် AUNG THIHA (PP No.MJ219512) သည် MNA Airline လေယာဉ်ခရီးစဉ်အမှတ်၊ UB-018/SF-6016 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အိတ်များအား Air-side ရှိ X-Rayစက်ဖြင့် ဖြတ်သန်း စစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေးကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ Mobile Team (စစရ)၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် လေဆိပ်လုံခြုံရေးအဖွဲ့(YACL)တို့ ပူးပေါင်းပါဝင်သော အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက် တွင်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းမှု အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Black Label (1) Litre,Brand - Johnnie Walker, C/O – Scotland, (15)U အပါ ကုန်ပစ္စည်း (၃) မျိုး ခန့်မှန်းတန်ဖိုးကျပ် (၈,၀၁၀,၀၀၀/-) ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ဇွန်လလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၁-၆-၂၀၂၆ ရက်နေ့ (၁၅း၂၈) နာရီ အချိန်ခန့်တွင် တရုတ်နိုင်ငံသားခရီးသည် WEI, WUZI (PP No.EQ2773057) သည် MAI Airline လေယာဉ်ခရီးစဉ်အမှတ်၊ 8M-232/SF-6004 ဖြင့် စင်္ကာပူနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အိတ်များအား Air-side ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေး ကောင်တာ၌ အကောက်ခွန်ဦးစီးဌာန၊ Mobile Team (စစရ)၊ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့(လေ)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့နှင့် လေဆိပ်လုံခြုံရေးအဖွဲ့ (YACL)တို့ ပူးပေါင်းပါဝင်သောအဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းမှု အထောက်အထားစာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Highland Single Malt ,Scotch Whicky, Brand Name : The Macallan, C/O-Scotland, (5) Bottles ခန့်မှန်းတန်ဖိုးကျပ် (၄,၀၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု






၇-၆-၂၀၂၆ ရက်နေ့တွင် ဝေါမြို့-ချောင်းကျိုးကျေးရွာ အနောက်ဖက် (၅) ဖာလုံခန့် အကွာ လက်ပံဘုန်းကြီးကျောင်းဝင်းအတွင်း၌ တရားမဝင်ကုန်ပစ္စည်းများ ရောက်ရှိနေကြောင်း သတင်းအရ ဒုရဲမှူး သစ်လွင် ဦးဆောင်သည့်အဖွဲ့မှ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကျောင်းဝင်းအတွင်း သိမ်ကျောင်းရှေ့၌ အကောက်ခွန်မဲ့ပစ္စည်းများအား ပိုင်ရှင်မဲ့စုပုံထားသည်ကိုတွေ့ရှိရသဖြင့် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်းသို့ ပို့ဆောင်ခဲ့ပြီး (၁၃:၀၀) နာရီအချိန်ခန့်တွင် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်းတာဝန်ကျ ပူးပေါင်းအဖွဲ့မှ စစ်ဆေးရာ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Brand New Car Tyre, Brand–Arisun, (185/65 R15), C/O-Thailand- 350 U ပါ ပစ္စည်း(၃)မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် (၁၅၉,၈၉၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇူလိုင်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




၂၇-၅-၂၀၂၆ ရက်နေ့ (၁၂း၀၀) နာရီ အချိန်တွင် အမှတ် (၁) စစ်ဖက်ရေးရာလုံခြုံရေး တပ်ဖွဲ့ (ရေ)မှ ကော့သောင်းမြို့မှ ရန်ကုန်မြို့၊ သိန်းဦးဆိပ်ကမ်းသို့ ဆိုက်ကပ်မည့် MV-ရွှေနန်းရှင် ရေယာဉ်ပေါ်တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာကြောင်း ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားလာမှုအရ ပူးပေါင်းစစ်ဆေးသောအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ရေယာဉ်ကုန်ပေါက် ချိတ်စည်းများ ပျက်ယွင်းမှုမရှိဘဲ ကုန်းပတ်အပေါ်နှင့် ကျောက်ဆူးပေါက်တို့၌ တရားမဝင်သယ်ဆောင်လာသော Diclogel (30 gm) Diclofenac Anti-inflammatory and Analgestic Gel Myn Reg No - R 2703 AA 4322**,** Mfg Date : 06-11-2025,Exp Date : 06-11-2027, C/O – Thailand, 94700 U ခန့်မှန်းတန်ဖိုးကျပ် (၃၇၈,၈၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ


### ထူးခြားဖမ်းဆီးမှု




၁၁-၆-၂၀၂၆ ရက်နေ့ (၀၆:၀၀) နာရီ အချိန်ခန့်တွင် မြန်မာနိုင်ငံသားခရီးသည် Chandra Badu @ Khin Maung Htwe (PP No–MJ974002) သည် Myanmar Airways International Airline လေယာဉ်ခရီးစဉ်အမှတ်၊ 8M-364 /CR-6377 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် ၎င်းခရီးသည်၏ Baggage အိတ်များအား Departure Gate-3 ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် Arrival Exit-A အကောက်ခွန်စစ်ဆေးရေး ကောင်တာ၌ အဖွဲ့စုံဖြင့်ဆေးစစ်ဆေးခဲ့ရာ တရားဝင်အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ ခရီးဆောင်အိတ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် အမေရိကန်ဒေါ်လာ (၁၀၀) တန် ဟုယူဆရသော နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ (၁ x ၁၀၀ ရွက်) ပါ (၆) အုပ် ခန့်မှန်းတန်ဖိုးကျပ် (၁၂၆,၀၀၀,၀၀၀/-) ဖြင့် အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**




၄-၆-၂၀၂၆ ရက်နေ့ (၂၂:၁၀) နာရီ အချိန်ခန့်တွင် မြန်မာ နိုင်ငံသားခရီးသည် Sanda Aye (PP No.MH522460) သည် Myanmar Airways International Airline လေယာဉ်ခရီးစဉ်အမှတ်၊ 8M-608/SF -6152 ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး ၎င်းခရီးသည်၏ Baggage အိတ်များအား Airside ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် X-Ray ပုံရိပ်မသင်္ကာသဖြင့် အဖွဲ့စုံဖြင့် ပိုင်ရှင်၏ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းမှု အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Brand : Tirzepatide Mounjaro Kwikpen 2.5mg Exp : 10/2027 Mfg by Italy (19)U အပါ ကုန်ပစ္စည်း (၄) မျိုး ခန့်မှန်းတန်ဖိုးကျပ် (၈၂,၁၇၅,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၆ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၅၆၄၆.၂၈၂ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ထူးခြားဖမ်းဆီးမှု



၁၄-၆-၂၀၂၆ ရက်နေ့ ၁၉:၃၀ နာရီ အချိန်တွင် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီး ဌာနမှူးရုံးမှ မန္တလေး-ပြင်ဦးလွင်လမ်း၊ ပုသိမ်ကြီးမြို့နယ်၊ (၂၁)မိုင်၊ မြို့ကြီးသားစားသောက်ဆိုင် အနောက်ဖက်၌ ပိုင်ရှင်မဲ့ Wheel Loader (၂) စီး တွေ့ရှိရသဖြင့် Asia World တိုးဂိတ်မှ ယာဉ်မောင်း (၁) ဦး ခေါ်ယူကာ အသေးစိတ်စိစစ်နိုင်ရန် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း သို့ယူဆောင်ခဲ့ပြီး မန္တလေးမြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တရားဝင်မှတ်ပုံတင်ထားခြင်း/မရှိ စစ်ဆေးပေးပါရန် အကြောင်းကြားခဲ့ရာ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် လိုင်စင်မဲ့ဖြစ်ကြောင်း မန္တလေးမြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အကြောင်းပြန်ကြားခဲ့၍ အဆိုပါ Wheel Loader, Brand-LIUGONE, Model-CLG855H, Engine Power-162KW, Rated Payload-5300Kg, Operation Mass-16650Kg, Model Year-2026,ID Number-CLG855HZCTL901206 ခန့်မှန်းတန်ဖိုးကျပ် (၂၃၁,၀၀၀,၀၀၀/-) ဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။